မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး အစီအစဉ်ရေးဆွဲရေးနှင့်
အကောင်အထည် ဖော်ဆောင်ရွက်ရေးအတွက် နည်းပညာပံ့ပိုးကူညီရေးအဖွဲ့

**Technical Assistance for Planning and Implementing Income Restoration Program in Myanmar**

## ဒုတိယ အကြိမ်မြောက် ဘက်ပေါင်းစုံပါဝင်သော အကြံပေးညှိနှိုင်းအဖွဲ့၏ ဆွေးနွေးပွဲ (၂၀၁၅ စက်တင်ဘာ ၂ရက်)





ဒုတိယအကြိမ်မြောက် ဘက်ပေါင်းစုံပါဝင်သော အဖွဲ့အစည်းများ ဆွေးနွေးပွဲကို ပက်ရှိုင်ရယ်ဟိုတယ်တွင် ၂၀၁၅ စက်တင်ဘာလ ၂ ရက်နေ့ တွင် ကျင်းပခဲ့ပါသည်။ TSEZစီမံခန့်ခွဲရေးကော်မတီ၊ MJTD၊ စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများမှ ကိုယ်စားလှယ်များနှင့် အခြား သက်ဆိုင်သော အဖွဲ့အစည်းများ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ၊ MSAG ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် IRP ၏ လက်တလော လုပ်ငန်းစဉ်များ အကြောင်းကို ဆွေးနွေးခဲ့ပါသည်။

## ပြန်လည်နေရာချထားရေးနေရာမှ အိမ်သာများကို ပြုပြင်ပေးခြင်း (၂၀၁၅ စက်တင်ဘာလ ၃ ရက်)



စက်တင်ဘာလအစောပိုင်းတွင် ပြန်လည်နေရာချထားရေးနေရာမှ ရွာသားများ၏ အိမ်သာများ ပြုပြင်မြှင့်တင်ခြင်း လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါသည်။ အိမ်သာများ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းကို မလုပ်ကိုင်မီက ရွာသားများမှာ အိမ်သာအနီးတွင် ရေဝပ် နေပါသဖြင့် အခက်အခဲဖြင့် ရင်ဆိုင်နေခဲ့ရပါသည်။ ပြုပြင်ရန် လိုအပ်သော အိမ်သာ ၂၂ လုံးအား ရွာသားများ၏ အကြံပြုချက်အတိုင်း မြှင့်တင်ခဲ့ပါသည်။

## 2nd Multistakeholder Advisory Group Meeting (Park Royal Hotel on 2nd September 2015)





Multistakeholder Advisory Group Meeting was held at Park Royal Hotel on Seprember 2nd 2015. Thilawa SEZ Management Committee (TSEZMC), MJTD, representatives from Project Affected People and other concerned stakeholders about 30 participants attended and discussed the progress of Thilawa SEZ development, finalization in Terms of Reference and update of IRP activities such as infrastructure improvement and providing of Social Warfare Support Program (SWSP).

## Toilet Renovation at relocation site (3rd September 2015)





People from relocation site were facing the problem with their toilets. It is difficult to go to their toilets before renovation work. The decision of rising up the toilets comes out based on the discussion with the community people. The renovation work started on early September 2015 and 22 toilets were raised up.

## ၁၀ ကြိမ်မြောက်IRPISC အစည်းအဝေး (၂၀၁၅ စက်တင်ဘာ ၁၀ရက်)







၁၀ ကြိမ်မြောက် IRPISC အစည်းအဝေးကို တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် စက်တင်ဘာ ၁၀ ရက်နေ့က ကျင်းပခဲ့ပါသည်။ ဌာနဆိုင်ရာ အရာရှိများ၊ သီလဝါ SEZ စီမံခန်ခွဲရေးကော်မတီ၊ ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့ နှင့် စီမံကိန်းကြောင့်ထိခိုက် နစ်နာသောလူထုမှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။ ပြန်လည်နေရာချထားရေးနေရာမှ လူထု၏ အခြေခံ အဆောက်အဦး ဖွံ့ဖြိုးတိုးတက်မှုနှင့် ခိုင်မာသည့်ဖွံ့ဖြိုးမှု ရရှိစေရန် မည်သို့ ကူညီလုပ်ဆောင်ရမည်များကို ဆွေးနွေးခဲ့ပါသည်။

## သီလဂါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဌ နှင့် နေပြည်တော်တွင် တွေ့ဆုံခြင်း (စက်တင်ဘာလ ၃၀ရက်နေ့)



ဂျိုက်ကာကျွမ်းကျင်ပညာရှင်အဖွဲ့ နှင့် ဘက်ပေါင်းစုံပါဝင်သော အကြံပေးညှိနှိုင်းအဖွဲ့၏ ဥက္ကဌ တို့ သည် သီလဝါ အထူးစီးပွားရေးဇုန် စီမံခန်ခွဲရေး ကော်မတီ၏ ဥက္ကဌ နှင့် နေပြည်တော်၌ စက်တင်ဘာလ ၃၀ ရက်နေ့ တွင် တွေ့ဆုံခဲ့ပါသည်။ အစည်းအဝေးတွင် စက်တင်ဘာလ ၂ ရက်နေ့ တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်မြောက် MSAG အစည်းအဝေး မှ အကြောင်းအရာများကို ပြန်လည် ဆွေးနွေး တင်ပြပြီး အကြံဉာဏ် များလည်း တောင်းခံခဲ့ပါသည်။

## 10th IRPISC Meeting at Southern District GAD Office on 10th September 2015



10th Income Restoration Program (□IRP) Implementation Sub Committee Meeting was held in Southern District General Administrative Department on 10th September 2015. Government Officials, Thilawa SEZ Management committee, JICA Expert Team and representative of PAPs attended and discussed how to assist the improvement of the infrastructure and sustainable development for relocated people.

## Meeting with the Chairman of Thilawa SEZ Management Committee in Nay Pyi Taw on 30th September 2015



JICA Expert Team and the chair of Multi-stakeholder Advisory Group met with the Chair of Thilawa SEZ Management Committee in Nay Pyi Taw on September 30th 2015. JICA Expert Team shared the current activities of IRP and requested some assistance for the improvement of relocation site. Moreover, JET presented the discussion of 2nd MSAG Meeting which was held in 2nd September. Furthermore, Chair of TSEZMC gave some feedback.